# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 23 , 2022 Volume 58, Number 17


**၂၃.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၂၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၅၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၉၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၈.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၅၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရှမ်းတောင်ပိုင်းက ဂေါ်ဖီထုပ်ဈေး စံချိန်တင်ဈေးမြင့်တက်ပြီး လက်လီဈေးကွက်ထဲ ဂေါ်ဖီတစ်ထုပ် ၂၅၀၀ ကျပ်ထိရှိလာ

ရှမ်းပြည်နယ်တောင်ပိုင်းက စိုက်ပျိုးထွက်ရှိတဲ့ ဂေါ်ဖီထုပ်တစ်ထုပ်ကို ကျပ် ၁၅၀၀ အထိ စံချိန်တင်ဈေးအမြင့်ဆုံးရနေပြီး ရန်ကုန်လက်လီဈေးကွက်ထဲ ဂေါ်ဖီထုပ်တစ်ထုပ်ကို ကျပ် ၂၅၀၀ အထိ ဈေးတွေတက်လာတယ်လို့ ဂေါ်ဖီစိုက် တောင်သူတွေနဲ့ အိမ်ရှင်မတွေဆီက သိရပါတယ်။

အရင်က ဂေါ်ဖီထုပ်တစ်ထုပ်ကို ၄၀၀ ကျပ်လောက်ပဲ။ အများဆုံး ၈၀၀ ကျပ်လောက်ပဲရောင်းရတာ။ ၁၀၀၀ ကျော်ဈေးဆိုတာ တစ်ခါမှ မရောင်းခဲ့ဖူးဘူး။ လုံးဝ မရခဲ့ဖူးတဲ့ဈေးပါ။ အခုက ခြံအပြတ်ဈေးနဲ့ ရောင်းတာတောင် တစ်ထုပ်ကို ၁၃၀၀ လောက်ထိ ဈေးပေးကြတယ်။ အောင်ပန်းဘက်ဆိုရင် တစ်ထုပ်ကို ၁၅၀၀ ကျပ်ထိ ရတာ စံချိန်တင်ဈေးပဲလို့ ဂေါ်ဖီစိုက်ပျိုးတဲ့ တောင်သူတစ်ဦးက ပြောပါတယ်။

ဂေါ်ဖီထုပ်ဈေးတွေ တက်လာခြင်းမှာ မြဝတီနယ်စပ်ကတဆင့် ထိုင်းကို တင်ပို့နေတဲ့ ပို့ကုန်ဝယ်လက်တွေက ကွင်းဆင်းဝယ်ယူမှုတွေကြောင့်ဖြစ်ပြီး မြဝတီဘက်မှာ ဂေါ်ဖီတစ်ထုပ်ကို ကျပ် ၁၈၀၀ ကနေ ၂၀၀၀ အထိ ဈေးရှိတယ် လို့ သိရပါတယ်။ အခုနှစ်မှာ သွင်းအားစုစရိတ် ကြီးမြင့်တဲ့အတွက် ပြီးခဲ့တဲ့ မတ်လ၊ မေလနဲ့ ဇူလိုင်လ တွေမှာ အရှုံးပေါ်ခဲ့ပြီး စက်တင်ဘာလ ရောက်မှသာ ဈေးကောင်းရခဲ့တဲ့အတွက် ပြန်တွက်ကြည့်ပါက တောင်သူတွေ အရင်းပြန်ရရုံသာဖြစ်တယ်လို့ ဂေါ်ဖီစိုက် တောင်သူတချို့က ပြောပါတယ်။

ဂေါ်ဖီထုပ်ဈေးနှုန်းမှာ ယခင်ကာလတူနှစ်တွေက ကျပ် ၁၀၀ ကနေ ၂၀၀ ဝန်းကျင်ခန့်သာရလို့ ရောင်းချပါက အရင်းအနှီးပြန်မရတဲ့အပြင် အရှုံးပေါ်နိုင်ဖို့ ခုတ်ထွင်ရှင်းလင်းရတဲ့အထိ ဖြစ်ပေါ်ခဲ့ဖူးတယ်လို့ဆိုပါတယ်။

လက်ရှိဈေးကွက်ထဲ ဂေါ်ဖီတစ်ထုပ်ကို လားရှိုး၊ ဗန်းမော်စတဲ့ဒေသတွေမှာ ကျပ် ၂၀၀၀ ဖြစ်နေပြီး ရန်ကုန်မြို့မှာဆိုရင် အရင်က ၁၂၀၀ ကနေ ၁၅၀၀ ဝန်းကျင်သာ ဈေးရှိခဲ့ပေမဲ့ လက်ရှိ ကျပ် ၂၅၀၀ ဝန်းကျင်လောက်သာ ဈေးတက်လာလို့ စားသုံးသူတွေ အခက်အခဲဖြစ်ပေါ်နေတာဖြစ်ပါတယ်။

ဤဆောင်းပါးနှင့်ပုံအား Myanma Platformမှ ကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ပြောင်းဖူးစေ့သစ်များဝင်နေပြီး မြဝတီနယ်စပ်တင်ပို့မှုရှိ

စက်တင်ဘာလဒုတိယပတ် မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအထက်ပိုင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ပြောင်းဖူးစေ့အသစ်များ ဝင်ရောက်နေပြီး တရုတ် ဝယ်လက်၊ မြဝတီနယ်စပ်နှင့်တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူလျှက်ရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ် လျှင် ယခုတစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၄၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၂၀၀၀ ၊ ယခင်လ ကျပ် ၄၂၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀ ၊ ယခင်လထက် ကျပ် ၁၁၅၀၀ မှ ၁၂၅၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၅၀၀၀ မှ ၅၄၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၄၀၀၀ မှ ၅၃၅၀၀၊ ယခင်လ ကျပ် ၄၂၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင် တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၁၀၀၀ ၊ ယခင်လထက် ကျပ် ၁၁၅၀၀ မှ ၁၂၅၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၃၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၅၃၅၀၀ မှ ၅၃၀၀၀၊ ယခင်လ ကျပ် ၄၄၀၀၀ မှ ၄၃၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင် တစ်ပတ်ထက် ကျပ် ၅၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၉၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## အတက်နှေးနေတဲ့ မတ်ပဲဈေးအလားအလာ

ယခုသီတင်းပတ်ရဲ့ မတ်ပဲဈေးနှုန်းများကတော့ အများမျှော်လင့်ထားသလို ဈေးဆက်တက်မလာပဲ ယခင်အတိုင်း ဈေးတန်းတစ်ခုအတွင်းမှာ တက်လိုက်ကျလိုက် ဖြစ်နေပါတယ်။

အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံကထုတ်ပြန်တဲ့သတင်းတွေမှာတော့ သတင်းဌာနတစ်ခုတည်းကနေပဲ သတင်းက အမျိုးမျိုးဖြစ်နေတာ တွေ့ရပါတယ်။ မိုးများနေလို့ မတ်ပဲစိုက်ကေတွေ ပျက်စီးတာ၊ မတ်ပဲအထွက်နှုန်းနဲ့ အရည်အသွေးတွေကျဆင်းတာ ဖော်ပြတာရှိသလို တခါတရံ မတ်ပဲအသစ်တွေ ဈေးကွက်အတွင်း အဆက်မပြတ် ဝင်ရောက်နေပြီး အရည်အသွေးလည်း ကောင်းမွန်တယ်လို့ ရေးသားဖော်ပြကြပြန်ပါတယ်။

သို့သော်လည်း Agri World ကတော့ ယခင်နှစ်နဲ့ ယခုနှစ် မိုးစိုက်သီးနှံမတ်ပဲနဲ့ပဲစဉ်းငုံတို့ရဲ့ စိုက်ပျိုးထွက်ရှိမှု ခန့်မှန်းချက်ကို တင်ပြပေးထားပါတယ်။ ယခုနှစ် စိုက်ပျိုးထွက်ရှိမှုမှာ ယခင်နှစ်ထက် ပိုမိုကျဆင်းနေပြီး တောင်သူတွေ အနေနဲ့လည်း ယခုနှစ်မိုးများတာကြောင့် အကျိုးအမြတ်များစွာ ထိခိုက်ရကြောင်း ဖော်ပြထားပါတယ်။

မိုးစိုက်သီးနှံ ပျက်စီးမှုများပြားတဲ့သတင်းတွေ အများအပြားတွေ့နေရပြီး ပြည်နယ်အသီးသီးမှာရှိတဲ့ ပဲခွဲစက်တွေကလည်း အဝယ်လိုက်လာနေတာကြောင့် အိန္ဒိယမှာ မတ်ပဲဈေး တက်လာနိုင်တယ်လို့ ခန့်မှန်းနေကြပါတယ်။ ဒါကြောင့် မြန်မာမတ်ပဲဈေးလည်း အထိုက်အလျောက် မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ ယခုသီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ မတ်ပဲဈေးနှုန်းများကတော့ စက်တင်ဘာ လ ၁၇ ရက်နေ့မှာ တစ်တင်းလျှင် ကျပ် ၆၇၅၀၀၊ ၁၈ ရက်နေ့မှာ ကျပ် ၆၇၀၀၀၊ ၁၉ ရက်နေ့မှာ ကျပ် ၆၆၅၀၀၊ ၂၀ ရက်နေ့မှာ ကျပ် ၆၅၁၀၀၊ ၂၁ ရက်နေ့မှာ ကျပ် ၆၅၉၀၀၊ ၂၂ /၂၃ ရက်နေ့များမှာကျပ် ၆၅၂၀၀ အသီးသီးဖြစ်ပါတယ်။

လက်ရှိမတ်ပဲဈေးနှုန်းသည် နေ့စဉ်ရွှေဈေးနှုန်းနှင့် ဒေါ်လာဈေးနှုန်းများအပေါ်မူတည်ပြီး အတက်အကျဖြစ်နေကြောင်းတွေ့ရပါတယ်။ အဓိကဝယ်လက်နိုင်ငံရဲ့ လက်ရှိရာသီဥတုအခြေအနေနဲ့ ပဲဝယ်လိုအားတွေအပေါ် မူတည်ပြီး ဝယ်ယူတင်သွင်းမှုများလာရင် ဈေးကောင်းရလာနိုင်မယ် ခန့်မှန်းထားကြတာဖြစ်ပါတယ်။

မနေ့က ၂၂-၉-၂၀၂၂ ရက်နေ့မှာလည်း မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ IPGA အဖွဲ့ဝင်များနဲ့ မွန်ဘိုင်းမြို့မှာတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းပြီး တိုးမြှင့်ဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**Source: ဧရာကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်သို့နယ်စုံမှ မြေပဲဆန်အဝင်များပြီး အရောင်းဝယ်အေး၍ ဈေးနှုန်းကျဆင်းလာ

မန္တလေးကုန်စည်ဒိုင်သို့ မကွေး၊ နတ်မောက် ၊ စစ်ကိုင်း၊ ဝက်လက် နယ်ပေါင်းစုံမှ မြေပဲဆန်အသစ်များ ဝင်ရောက်နေပြီး ပြည်ပတင်ပို့မှုမရှိခြင်း၊ ဆီစက်သမားများ အဝယ်အေးခြင်းတို့ကြောင့် မြေပဲဆန်ဈေးကျဆင်းလာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)၏ ပြောပြချက်အရသိရသည်။

**မြေပဲလုံးဆန်(ဖြူ)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၆၁၀၀ မှ ၅၈၀၀၊ ယခင်တစ်ပတ် ကျပ် ၆၇၀၀ မှ ၆၃၀၀၊ ယခင်လ ကျပ် ၆၃၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ မှ ၆၀၀ ၊ယခင်လထက် ကျပ် ၂၅၀ မှ ၅၅၀ နိမ့်ကျလာသသည်။

**မြေပဲလုံးဆန်(အနီ)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၆၁၀၀ မှ ၅၈၀၀ ၊ ယခင်တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၃၀၀၊ ယခင်လ ကျပ် ၆၂၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀ မှ ၅၀၀ ၊ ယခင်လထက် ကျပ် ၁၅၀ မှ ၄၅၀ နိမ့်ကျလာသသည်။

**မြေပဲ(ဆီဆန်)** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၅၇၀၀ မှ ၅၅၀၀ ယခင်တစ်ပတ် ကျပ် ၆၅၀၀ မှ ၅၅၀၀၊ ယခင်လကျပ် ၆၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ၊ ယခင်လထက်ကျပ် ၄၀၀ မှ ၆၀၀ နိမ့်ကျလာသသည်။

မြေပဲဆန်အမျိုးအစားလိုက် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၆၀၀ ၊ ယခင်လထက် ၂၅၀ မှ ၆၀၀ နိမ့်ကျလာကြောင်း တွေ့ရသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## စင်္ကာပူ MOPS ဈေးကျ၍ ယနေ့ ပြည်တွင်းစက်သုံးဆီဈေး (၅၅) ကျပ်ပြန်ကျပြီး 92 Ron တစ်လီတာလျှင် ၂၂၄၀ ကျပ်ဖြင့်ရောင်းချ

ယနေ့(၂၃.၉.၂၂) ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာပြီး 92 တစ်လီတာလျှင် ၂၂၄၀ ကျပ်ဖြင့် ရောင်းချပေးနေကြောင်း စက်သုံးဆီအရောင်းဆိုင်များမှ သိရသည်။

ယမန်နေ့(စက်တင်ဘာ ၂၂ ရ က်)ကဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းထက် ၅၅ ကျပ် ပြန်လည်ကျဆင်းလာခြင်းဖြစ်ပြီး ယနေ့တွင် ရန်ကုန်တိုင်းအတွင်း၌ 92 Ron တစ်လီတာလျှင် ၂၂၄၀ ကျပ်ဖြင့် ရောင်းချလျက်ရှိသည်ဟု စက်သုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ ထုတ်ပြန်သည့် ရည်ညွှန်းလက်လီဈေးနှုန်းများအရ သိရသည်။

ထို့ပြင် မန္တလေး၊ နေပြည်တော်၊ ပဲခူး၊ မကွေး၊ မုံရွာ၊ ပုသိမ်၊ ဘားအံနှင့် မော်လမြိုင်တို့တွင်လည်း 92 Ron တစ်လီ တာလျှင် ၂၂၀၀ ကျပ်ဝန်ကျင်ဖြင့် ရောင်းချပြီး ထားဝယ်၊ မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီးနှင့် လွိုင်ကော်တို့တွင် 92 Ron တစ်လီတာလျှင် ၂၃၀၀ ကျပ်ကျော်သို့ ပြန်ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့အတူ ဟားခါးတွင် 92 Ron တစ်လီတာလျှင် ၂၅၀၀ ကျပ်ဝန်းကျင်နှင့် ကျိုင်းတုံတွင် ၃၀၀၅ ကျပ်သို့ ပြန်လည်ကျဆင်းခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက စက်သုံးဆီဈေးနှုန်း ပြန်လည်မြင့်တက်ခဲ့ခြင်းမှာ Singapore MOPS ဈေးတက်ခဲ့သည့်အတွက်ဖြစ်ပြီး လက်ရှိတွင် MOPS ဈေးပြန်ကျလာသည့်အတွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးကပြောသည်။

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ယနေ့ထုတ်ပြန်ခဲ့သည့် စက်သုံးဆီရည်ညွှန်းဈေးနှုန်းများအရ ရန်ကုန်တိုင်းအတွင်း၌ လက်လီဈေးအဖြစ် 92 Ron တစ်လီတာလျှင် ၂၂၄၀ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၃၂၀ ကျပ်၊ HSD (500 ppm) တစ်လီတာလျှင် ၂၇၃၀ ကျပ် သတ်မှတ်ထားသည်။ အလားတူ HSD (50 ppm)နှင့် HSD (10 ppm)တို့မှာ တစ်လီတာလျှင် ၂၈၁၅ ကျပ်အဖြစ် စက်သုံးဆီ ရည်ညွှန်းလက်လီဈေးနှုန်းများအဖြစ် သတ်မှတ်ခဲ့သည်။

ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ စက်သုံးဆီရည်ညွှန်း လက်ကားဈေးနှုန်းမှာလည်း ရန်ကုန်တိုင်း၌ 92 Ron တစ်လီတာလျှင် ၂၁၃၇ ကျပ်၊ 95 Ron တစ်လီတာလျှင် ၂၂၁၄ ကျပ်၊ HSD(500 ppm) တစ်လီတာလျှင် ၂၆၁၂ ကျပ်၊ HSD (50 ppm)နှင့် HSD(10 ppm)တို့မှာ တစ်လီတာလျှင်၂၆၉၂ ကျပ်တို့ဖြစ်သည်။

အဆိုပါဈေးနှုန်းများအား စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ MOPS ဈေးနှုန်းအပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ကာ စက်သုံးဆီဝယ်ယူသူများအနေဖြင့် ကျေနပ်မှုမရှိပါက ကော်မတီသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းသိရသည်။

**Source:** https://wp.me/paRxJm-moE

**Popular news journal**

## မြန်မာနိုင်ငံ၏ GDP အနှုတ်ဘက် ရောက်နေရာမှ (၂) ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ADB ထုတ်ပြန်

**Table 3.4.9** Selected economic indicators in Myanmar, %

*Growth remains low in the near term; inflation to remain elevated.*

| | 2021 | 2022 | | 2023 | |
|---|---|---|---|---|---|
| | | ADO 2022 | Update | ADO 2022 | Update |
| GDP growth | -5.9 | -0.3 | 2.0 | 2.6 | 2.6 |
| Inflation | 3.6 | 8.0 | 16.0 | 8.5 | 8.5 |
| CAB/GDP | -1.3 | -0.8 | -1.8 | -1.3 | -1.3 |

ADO = Asian Development Outlook, CAB = current account balance, GDP = gross domestic product.
Sources: Central Statistical Organization; Central Bank of Myanmar; Asian Development Bank estimates.

၂၀၂၁ တစ်နှစ်အတွင်း ပြည်တွင်း GDP အနှုတ် လက္ခဏာပြခဲ့သော်လည်း ၂၀၂၂ ခုနှစ် မတ်လ နောက်ပိုင်း (၆) လတာကာလတွင် (၂) ရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အစီရင်ခံစာအရ သိရသည်။

၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအပြောင်းအလဲများကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးအခြေအနေနှင့်ရင်ဆိုင်ခဲ့ရပြီး တိုင်းပြည်၏ ပြည်တွင်းထုတ်လုပ်မှု အသားတင်တန်ဖိုးမှာလည်း အနှုတ်ဘက်သို့ ရောက်ရှိကာ (- ၅.၉) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ADB ၏ အစီရင်ခံစာက ဆိုသည်။

အဆိုပါ GDP တိုးတက်လာမှုသည် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးအစီအစဉ်အနေဖြင့် လုပ်ဆောင်နေသည့် **နစက**လက်ထက်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းများ အတန်အသင့် ပြန်လည်လှုပ်ရှားလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် လပိုင်းများအတွင်းက ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်အရ အကြပ်အတည်းများအကြားရောက်ရှိနေသည့် မြန်မာ့စီးပွားရေးအခြေအနေသည် ယခုထက် တိုးတက်လာနိုင်ကြောင်းလည်း အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားသည်။

လက်ရှိတွင် ပြည်တွင်းရှိ အထည်ချုပ်လုပ်ငန်းများ အပါအဝင် အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ ပို့ကုန်ဝင်ငွေရရှိမှုမှာလည်း တဖြေးဖြေးတိုးလာနေပြီး ဘဏ္ဍာနှစ်ကုန်အထိ လက်ကျန်ကာလအတွင်း (၅) ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ချေရှိကြောင်းလည်း ADB က သုံးသပ်ထားသည်။

၂၀၂၁ ခုနှစ်အတွင်း မြန်မာ့စီးပွားရေးကဏ္ဍ၏ ကျဆင်းမှုသည် စိုးရိမ်ရသည့်အခြေအနေသို့ရောက်ရှိခဲ့ပြီး သုံးငွေပမာဏနှင့် GDP အချိုးသည် ၂၃.၇၄ ရာခိုင်နှုန်း၊ ရငွေပမာဏနှင့် GDP အချိုးမှာ ၁၆.၁၈ ရာခိုင်နှုန်း ၊ လိုငွေ ပမာဏနှင့် GDP အချိုးမှာ ၇.၅၆ ရာခိုင်နှုန်းအထိ ကွာဟမှု မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ဘဏ္ဍာနှစ် ပထမ (၉) လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ကန်ဒေါ်လာ ၆၆၉ သန်းရရှိထားသော်လည်း ပြီးခဲ့သည့် ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၈၂.၂ ရာခိုင်နှုန်း ကျဆင်းနေကြောင်းလည်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အဆိုအရ သိရသည်။ ထို့အပြင် ငွေကြေးဖောင်းပွမှုမှာလည်း ယခင်နှစ်များကထက် ၁၇.၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် အစီရင်ခံစာကဆိုသည်။

ပြည်ပပို့ကုန်ကဏ္ဍ တိုးမြှင့်ပို့ဆောင်နိုင်ရန် ရည်မှန်းချက်ထားလုပ်ဆောင်နေပြီး ယခုနှစ် ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၉) ရက်အထိ စုစုပေါင်း ပို့ကုန်ရငွေတန်ဖိုး ကန်ဒေါ်လာ ၇၆၀၀.၄၂၅ သန်းရရှိထားပြီး သွင်းကုန်ရငွေတန်ဖိုး ကန်ဒေါ်လာ ၇၄၆၁.၅၄၅ သန်း၊ ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၁၃၈.၈၈ သန်း ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဩဂုတ်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၅ ခုမှ အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံကျော် ဝင်ရောက်ထားကြောင်းလည်း သိရသည်။

**Source: Popular news journal**

## ၁၉.၉.၂၀၂၂ မှ ၂၃.၉.၂၀၂၂ ရက်နေ့ထိ စျေးကွက်သုံးသပ်ချက်

**ဆန်စပါး**

ရန်ကုန်စျေးကွက်မှာတော့ ဆန်ချောစျေးတွေက စျေးငြိမ်နေပါတယ်။ဆန်ကြမ်းစျေးတွေကတော့ အနည်းငယ်ထပ်တက်လာပါတယ်။ဆန်အဝင်ကတော့ ပုံမှန်ရှိနေပြီး အရောင်းအဝယ်ကတော့ အေးနေတယ်လို့သိရပါတယ်။နယ်အ ချို့မှာတော့ စပါးအသစ်တွေ စျေးကွက်ထဲကို ဝင်နေပြီး အမြင့်စျေးရရှိနေတယ်လို့ သိရပါတယ်။

ဧည့်မထဆန်က တစ်အိတ်ကို ၄၃၀၀၀ ကနေ ၄၄၅၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၁၅၀၀ ကျပ်၊မြီးဒုံဆန်ကတော့ တစ်အိတ်ကို ၅၃၀၀၀ ကနေ ၅၄၅၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ဧည့်မထ ၂၅ မှတ် ကတော့ တစ်အိတ်ကို ၄၁၀၀၀ ကနေ ၄၂၀၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်၊ဆန်သီးထပ်ဆန်ကတော့ တစ်အိတ်ကို ၄၃၅၀၀ ကနေ ၄၄၅၀၀ ပေါက်စျေးရှိပြီး တစ်အိတ်ကို ၅၀၀ ကျပ် အသီးသီး စျေးတက်လာပါတယ်။

စျေးကွက်ထဲဝင်လာတဲ့ စပါးအသစ်တွေကတော့ တင်း ၁၀၀ ကို ၁၀ သိန်းကနေ ၁၃ သိန်းကြား အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။ အစိုဓာတ် ပေါ်မူတည်ပြီး စျေးကတော့ ကွာခြားတယ်လို့သိရပါတယ်။ လက်ရှိ သယ်ယူပို့ဆောင်စရိတ်နဲ့ အခြားအထွေထွေစရိတ်မြင့်တက်မှုတွေကြောင့် စပါးစျေး၊ ဆန်စျေးကတော့ အများကြီးကျဆင်းနိုင်ခြေမရှိဘူးလို့ ဆန်ကုန်သည်တွေက ခန့်မှန်းထားပါတယ်။

**မတ်ပဲ**

မတ်ပဲစျေးကတော့ တစ်တန်ကို သိန်း ၂၀ ကျော်အထိ ပြန်လည်မြင့်တက်ခဲ့ရာမှ ဒီတစ်ပတ်မှာတော့ ပြန် စျေးကျဆင်းသွားပါတယ်။ငွေလဲလှယ်နှုန်းစျေး ကျဆင်းသွားတဲ့အတွက်ကြောင့် ပဲစျေးလည်းကျဆင်းသွားသလို ငွေစျေးတည်ငြိမ်မှုမရှိတဲ့အတွက် အရောင်းအဝယ်ကလည်း အေးပြီး စျေးကျဆင်းသွားတာဖြစ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာ မိုးများတဲ့အတွက်ကြောင့် စိုက်ခင်းတွေပျက်စီးမှုတွေရှိနေပြီး ပဲအထွက်နှုန်းလျော့နည်းမယ်လို့ ထုတ်ပြန်ထားတဲ့အတွက် အိန္ဒိယနိုင်ငံတွင်း မတ်ပဲစျေးတွေတက်မယ်လို့ အိန္ဒိယသတင်းတစ်ပုဒ်မှာ ဖော်ပြထားပါတယ်။ အဆိုပါသတင်းတွေကြောင့် ပြည်တွင်း မတ်ပဲစျေးနှုန်းကတော့ တက်ဦးမယ်လို့ ကုန်သည်တွေခန့်မှန်းထားပြီး ငွေကြေးစျေးကြောင့်သာ ပဲစျေးက ကျဆင်းနေတာဖြစ်တယ်လို့ဆိုပါတယ်။

ရန်ကုန်စျေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၉၆၅၀၀၀ ပေါက်စျေးရှိပြီး တစ်တန်ကို ၇၀၀၀၀ ကျော် စျေးကျဆင်းသွားပါတယ်။ မန္တလေးစျေးကွက်မှာတော့ သုံးတင်းဝင်တစ်အိတ်ကို ၁၉၀၀၀၀ ကနေ ၁၉၅၀၀၀ ကြားပေါက်စျေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်စျေးကျဆင်းသွားပါတယ်။

မြင်းခြံစျေးကွက်၊မုံရွာစျေးကွက်၊ အောင်လံစျေးကွက်၊ မော်လမြိုင်စျေးကွက်၊ ပြည်စျေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၆၃၀၀၀ ကနေ ၆၅၀၀၀ ကြား ပေါက်စျေးရှိနေပြီး တစ်တင်းကို ၂၀၀၀ စျေး ကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ စျေးပြန်တက်လာပါတယ်။ ငွေကြေးလဲလှယ်စျေးနှုန်းကျဆင်းပေမယ့် လက်ကျန်နည်းတဲ့အတွက် စျေးကတော့တက်နေပါတယ်။ စျေးကွက်ထဲ စျေးတွေမြင့်တက်နေပေမယ့် အရောင်းအဝယ်ကတော့ မရှိသလောက်နည်းတယ်လို့ သိရပါတယ်။

ရန်ကုန်စျေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၂၁၄၇၅၀၀ ပေါက်စျေးရှိပြီး တစ်တန်ကို ၂ သောင်းကျော် စျေးတက်လာပါတယ်။

မန္တလေးစျေးကွက်မှာတော့ တစ်အိတ်ကို ၂၀၀၀၀၀ ပေါက်စျေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်စျေးတက်လာပါတယ်။ နယ်စျေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့်မုံရွာတို့မှာတော့ တစ်တင်းကို ၆၇၀၀၀ ကနေ ၆၇၅၀၀ ကြားပေါက်စျေးရှိနေပြီး တစ်တင်းကို ၁၀၀၀ ကျော်လောက်ထပ်ပြီး စျေးတက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ တောက်လျှောက်ဈေးမြင့်တက်နေရာမှစက်တင်ဘာ ဒုတိယပတ်လောက်ကနေစတင်ပြီး ဈေးက ကျဆင်းလာခဲ့ပါတယ်။ ငွေကြေးဈေးကွက်တည်ငြိမ်မှုမရှိတဲ့အပြင် လက်ရှိအိန္ဒိယနိုင်ငံမှာ အရန်ကုလားပဲတွေကို ထုတ်ရောင်း နေတဲ့သတင်းကြောင့် နောက်ဆက်တွဲအနေနဲ့ ဈေးကဆက်ကျဆင်းနေတာဖြစ်တယ်လို့သိရပါတယ်။ အိန္ဒိယတင်ပို့မှု သိပ်မရှိပေမယ့် ပြည်တွင်းပဲဈေးမြင့်တက်မှုကြောင့် ပြည်ပပဲတွေအဝင်ရှိလာနိုင်လို့ အခုလိုကျဆင်းသွားတာလို့လည်း ကုန်သည် အချို့က သုံးသပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၃၃၀ ကနေ ၃၄၁၅ ကျပ်၊ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၅၀၀ ကနေ ၃၇၅၀ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၄၀၀ ကနေ ၄၇၀၀ ပေါက်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က ၃ တင်းဝင် တစ်အိတ်ကို ၁၇၇၀၀၀ ကနေ ၁၇၈၀၀၀ ပေါက်ဈေး ရှိပြီး ၇၀၀၀ကျပ်၊ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၉၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ကျပ်၊ ကုလားပဲ (၉၂၉)က တစ်အိတ်ကို ၁၈၂၀၀၀ ကနေ ၁၈၃၀၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀၀ ကျပ်၊ကုလားပဲ(ဗွီဆဲဗင်း)က တစ်အိတ်ကို ၂၀၈၀၀၀ ကနေ ၂၁၀၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ် အသီးသီးဈေး ကျဆင်းသွားပါတယ်။

ပြည်ဈေးကွက်မှာတော့ ကုလားပဲ(ဟော်လန်)က တစ်တင်းကို ၆၅၅၀၀ ကနေ ၆၆၀၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ်၊ ကုလားပဲ (မြကြေး)ကတော့ တစ်တင်းကို ၆၅၅၀၀ကနေ ၆၆၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။။

မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်) နဲ့ ကုလားပဲ(၉၂၉) တို့က တစ်တင်းကို ၆၀၀၀၀ ကနေ ၆၁၀၀၀ ပေါက်ဈေး ရှိပြီး တစ်တင်းကို ၂၀၀၀ကျပ် ဈေးကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ ၃ ပတ်အတွင်း ကုလားပဲ တစ်အိတ်ကို ၂၀၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။

**စားတော်ပဲ**

စားတော်ပဲက ဒီတစ်ပတ်မှာလည်း ဆက်ပြီးကျဆင်းပါတယ်။ ပြည်တွင်းပဲတွေကတော့ လက်ကျန်လည်းမရှိတော့ပဲ အရောင်းအဝယ်လည်း မရှိဘူးလို့သိရပါတယ်။ ပြည်ပအဝင်ပဲတွေကတော့ အရောင်းအဝယ်ရှိနေပြီး အချို့ စားတော်ပဲ အစားထိုးကုလားပဲတွေကို အသုံးပြုလာတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၆၆၆၅ ကနေ ၇၅၀၀ ကျပ်ရှိပြီး ဈေးငြိမ်ပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၂၀၀၀၀ ကနေ ၄၀၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ ပြည်ဈေးကွက် မှာတော့ တစ်တင်းကို ၁၃၀၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ကျပ်၊ ဆင်ဖြူကျွန်းဈေးကွက်မှာ ော့ တစ်တင်းကို ၁၃၀၀၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀၀ ကျပ် အသီးသီးဈေးကျဆင်းပါတယ်။

**ပဲပုတ်**

အခြားပဲအများစု ဈေးကျဆင်းပေမယ့် ပဲပုတ်ကတော့ ဈေးမြင့်နေပါတယ်။ဆီအတွက်ဝယ်ယူမှုရော ပဲလက်ကျန် လျော့ တာကြောင့်ရော ဈေးကမြင့်တက်နေပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ ပဲပုတ်(မြစ်ဝကျွန်းပေါ်အထွက်တိုး)က တစ်ပိဿာကို ၂၈၃၀ ကနေ ၂၉၂၀ ပေါက်ဈေးရှိပြီး ပဲပုတ်(ဆီတိုး)ကတော့ တစ်ပိဿာကို ၃၀၀၀ ကနေ ၃၀၈၅ ပေါက်ဈေးရှိပြီး ဈေးငြိမ် ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲပုတ်(ရှမ်း)က တစ်အိတ်ကို ၁၆၀၀၀၀ ကနေ၁၆၆၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ပဲပုတ်(ဗမာ)က တစ်အိတ်ကို ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံကတော့ ဆက်တိုက်ဈေးမြင့်တက်နေရာမှ ဈေးတွေ ပြန်ကျဆင်းသွားပြီး အချို့နှမ်းများ ဈေးကွက်အတွင်း အရောင်းအဝယ်မရှိသလောက်အထိ ဖြစ်နေပါတယ်။ ငွေကြေးလဲလှယ်နှုန်းဈေးကျဆင်း သွားတဲ့အတွက်ကြောင့် စောင့်ကြည့် ဝယ်ယူမှုတွေရှိနေတယ်လို့သိရပါတယ်။

နှမ်းနက်စမုံကတော့မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၆၀၀၀၀ ကနေ ၃၃၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၆၅၀၀၀ ကနေ ၃၁၅၀၀၀ ပေါက်ဈေးရှိပါတယ်။ အက်စစ်လွတ် နှမ်းတွေကတော့ ဈေးကောင်းရှိနေပြီး အက်စစ်မလွတ် နှမ်းကတော့ တစ်အိတ်ကို ၁၅၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

နှမ်းဖြူကတော့ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၃၁၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၇၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၇၀၀၀၀ ကနေ ၂၉၀၀၀၀ ပေါက်ဈေးရှိပါတယ်။ နှမ်းညိုဈေးကလည်း ကျဆင်းသွားပါတယ်။မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၅၀၀၀၀ ကနေ ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၈၃၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**AMIA**

**Source:** https://t.me/htwettoe

## ဂျပန်ဗီဇာ ကင်းလွတ်ခွင့်ရတော့မည်

ဂျပန်နိုင်ငံသည် အောက်တိုဘာ ၁၁ ရက်မှစတင်၍ Covid-19 စည်းကမ်းအချို့ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက အမေရိကန်ရောက်နေစဉ်တွင် ပြောကြားခဲ့သည်။ ခရီးသွားလုပ်ငန်းကို ပြန်လည်ရှင်သန်အောင် အားထုတ်မှုတစ်ခု ဖြစ်သည်။

တစ်ဦးချင်းလာရောက်လည်ပတ်ခွင့်ကိုခွင့်ပြုပြီး ဗီဇာကင်းလွတ်ခွင့်ပါရှိမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က နယူးယောက်မြို့၌ ကြာသပတေးနေ့ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

Source: straitstimes

## STOCK EXCHANGE (23.9.2022)

### Market summary

As of 23rd Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.91 | -0.16 | -0.04% | 420.25 | 420.25 | 414.54 | 11,901 | 50,205,850 | 7 | 730,481 |

**Index chart**

